ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး**

(၃၄)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်**

**( ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက် )**

**[အင်္ဂါနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးရဲ့ (၃၄)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ဦးရေ စုစုပေါင်း (၂၂၁)ဦး ရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၉)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၀.၀၅)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးရဲ့ (၃၄)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါ့မယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက်အခြားလွှတ်တော် ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၅။**

**ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့ ၂၀-၉-၂၀၁၆ ရက်နေ့မှာ အစည်းအဝေးသို့

တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီဝင် ဖြစ်တဲ့ ကျွန်မဒေါ်မြတ်သီတာထွန်း က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း မရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များမှာ ဦးစိုးဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂) လယ်ယာမြေစီမံခန့်ခွဲမှုကိစ္စ တွေ့ဆုံပွဲတက်ရောက်။ ဦးဘမျိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) ၎င်းအတိုင်း။ ဦးလှမြင့်(ခ) ဦးလှမြင့်သန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) ၎င်းအတိုင်း။ ဒုတိယဗိုလ်မှူးကြီးဇာနည်အောင်၊ တပ်မတော်သား ကိုယ်စားလှယ် ကျန်းမာရေးကိစ္စ။ ဒေါ်ကျိန်ဝိုက်မန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) အလုပ်ရုံ ဆွေးနွေးပွဲ တက်ရောက်။ ဒေါ်အုန်းကြည်(ခ)ဒေါ်လှဌေး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) ၎င်းအတိုင်း။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ (၁၆)ဦးနဲ့ ယနေ့ ခွင့်ပန်ကြားသူ (၆)ဦး ဖြစ်တဲ့အတွက် စုစုပေါင်း ခွင့်ပန်ကြားသူ(၂၂)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်း နှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ရှင်။

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၆)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၆)ဦး ဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၂၂)ဦးဖြစ်ပြီး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (ဂ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် (၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်လေးဦး မေးမြန်းသည့် မေးခွန်းများသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါ တယ်။

လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ကျန်းမာရေးဝန်ကြီးဌာနတွင် လက်ထောက်ဆရာဝန်များကို စတင်ခန့်ထားသည့်အခါ အထူးကုဆရာဝန်ကြီးများရှိသော တိုင်းဒေသကြီး/ ပြည်နယ်/ခရိုင် သင်ကြားရေး ဆေးရုံကြီးများတွင် နေရာချထားပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာသန်းဝင်း က ကျန်းမာရေးဝန်ကြီးဌာနတွင် လက်ထောက်ဆရာဝန်များကို စတင်ခန့်ထားသည့်အခါ အထူးကုဆရာဝန်ကြီး များရှိသော တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင် သင်ကြားရေး ဆေးရုံကြီးများတွင် နေရာချထားပေးနိုင်ခြင်း ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဒေါက်တာသန်းဝင်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်က မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှု ကော်မတီ ဥက္ကဋ္ဌ ဒေါက်တာသန်းဝင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆေးတက္ကသိုလ်တွေက ဘွဲ့ရပြီး ကျန်းမာရေး ဝန်ကြီးဌာနမှာ လက်ထောက်ဆရာဝန်တွေအဖြစ် စတင်ခန့်ထားတာဝန် ချထားပေးတဲ့အခါမှာ ပထမ(၂)နှစ်ကို

လက်တွေ့ကုသမှု အတွေ့အကြုံ ရရှိစေဖို့အတွက် အထူးကု ဆရာဝန်ကြီးတွေရဲ့ ကြီးကြပ်မှုအောက်မှာ သင်ကြားရေးဆေးရုံကြီးတွေ၊ တိုင်းနဲ့ ခရိုင်ဆေးရုံကြီးတွေမှာ တာဝန်ချထား ပေးလေ့ရှိပါတယ်။ ဒုတိယ အကြိမ် ပြောင်းရွှေ့ တာဝန်ချထားတဲ့အခါကျတော့မှသာ အတွေ့အကြုံရှိပြီးတဲ့ ဆရာဝန်တွေကို မြို့နယ်ဆေးရုံတွေ၊ တိုက်နယ်ဆေးရုံတွေကို တာဝန်ချထားပါတယ်။

ဒါပေမဲ့ တချို့သော ဆရာဝန်များမှာ ပထမအကြိမ် တာဝန်ချထားကတည်းက မြို့နယ်ဆေးရုံ၊ တိုက်နယ်ဆေးရုံတွေကို တာဝန်ချထားခြင်း ခံရပြီး ဆရာဝန်ကြီးတွေရဲ့ ကြီးကြပ်မှုအောက်မှာ လက်တွေ့ သင်ကြားခွင့် မရရှိခဲ့တာတွေ ရှိခဲ့ပါတယ်။ ဒါ့အပြင် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး စတဲ့ မြို့တွေမှာ ရှိတဲ့ ဘာသာရပ်ဆိုင်ရာ အထူးကုဆေးရုံကြီးတွေကို တာဝန်ကျတဲ့ ဆရာဝန်များအနေနဲ့ ကျတော့ ဥပမာ အမျိုးသမီးဆေးရုံ၊ ကလေးဆေးရုံတွေမှာဆိုရင် အခြေခံအဓိက ဆေးပညာ ဘာသာရပ်တွေ ဖြစ်တဲ့ ဆေးပညာ၊ ခွဲစိတ်ကုပညာ၊ သားဖွားမီးယပ်ပညာ၊ ကလေးဆေးပညာစတဲ့ ဘာသာရပ်တွေကို စုံလင်စွာ တာဝန်ထမ်းဆောင်သင်ယူခွင့် မရရှိကြဘဲ သင်ကြားရေးဆေးရုံကြီးတွေမှာ၊ နောက်တစ်ချက်က ဘွဲ့လွန် သင်တန်းသား ဆရာဝန်တွေ အများအပြားရှိနေတဲ့အတွက် သစ်လွင်ဆရာဝန်များအနေနဲ့ လက်တွေ့ လုပ်ကိုင်ပညာဆည်းပူးခွင့် အခွင့်အရေးလည်း နည်းပါးကြပါတယ်။ ဒါကြောင့် ဘာသာရပ်ဆိုင်ရာ အထူးကု ဆေးရုံကြီးတွေမှာ တာဝန်ချထားတဲ့အခါမှာ အလှည့်ကျလဲလှယ် တာဝန်ချထားပေးဖို့နဲ့ သစ်လွင်လက်ထောက်ဆရာဝန်တွေကို လက်တွေ့ လုပ်ကိုင်သင်ယူခွင့်ပေးဖို့ လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခုအခါမှာ လက်ထောက်ဆရာဝန်(၁၇၀၀)ကျော်ကို စတင်ခန့်ထား ခဲ့ပြီး ဇဟိုဝန်ထမ်းတက္ကသိုလ်တွေမှာ (၈)ပတ်ကြာသင်တန်း တက်ရောက်နေကြပြီ ဖြစ်ပါတယ်။ အဲဒီ ဆရာဝန်တွေကို တာဝန်ချထားတဲ့အခါမှာ ပထမ(၂)နှစ်မှာ အဓိကဆေးပညာဘာသာရပ်တွေကို လက်တွေ့ သင်ယူဆည်းပူးနိုင်ခွင့် ရရှိဖို့အတွက် အထူးကုဆရာဝန်ကြီးတွေရှိတဲ့ သင်ကြားရေး ဆေးရုံတွေ၊ တိုင်း၊ ခရိုင်ဆေးရုံကြီးတွေမှာသာ တာဝန်ချထားပေးနိုင်ခြင်း ရှိ/မရှိနဲ့ ရှိခဲ့ပါရင် အဓိကဆေးပညာ ဘာသာရပ် (၄)ခုကို အလှည့်ကျ သင်ယူဆည်းပူးနိုင်စေဖို့အတွက် စီစဉ်ပေးနိုင်ခြင်း ရှိ/ မရှိ သိရှိလိုပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ် ပြည်သူ့ဆေးရုံကြီးကို ပြန်လည်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးကြည်ဝင်း က ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ် ပြည်သူ့ဆေးရုံကြီးကို ပြန်လည်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ အားလုံး ကိုယ်စိတ်နှစ်ပါး ချမ်းမြေ့ကြပါစေလို့ ဆုတောင်းရင်းနဲ့ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြု

ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကြည်ဝင်း(လပွတ္တာ) ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ ကြယ်ပွင့်ပြ မေးခွန်းကတော့ လပွတ္တာမြို့နယ် ပြည်သူ့ဆေးရုံကြီး ပြန်လည်ဖွင့်လှစ်ပေးဖို့ အစီအစဉ် ရှိ/မရှိ မေးခွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ သတ်မှတ်တဲ့ အချိန်လိုနေပါက အနည်းငယ်တိုးပေးဖို့ ဥက္ကဋ္ဌကြီးအားပန်ကြားပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၀၈ ခုနှစ်၊ နာဂစ်မုန်တိုင်းဖြစ်ပြီးတဲ့နောက် လပွတ္တာမြို့နဲ့ (၃)မိုင်ကျော်ကွာတဲ့ တောင်ပေါ်နေရာမှာ ခရိုင်မြို့သစ်ကို တည်ပါတယ်။ အဲဒီမှာ ခုတင်(၂၀၀)ခရိုင်ဆေးရုံသစ်ကို လပွတ္တာမြို့နယ် ဆေးရုံကြီးကနေ ပြောင်းသွားပါတယ်။

ဒါကြောင့် လပွတ္တာမြို့သားများရဲ့ နှစ်ပေါင်း(၁၀၀)နီးပါး ကိုယ်ထူကိုယ်ထ ကြိုးစား တည်ဆောက်ထားတဲ့ လက်ရှိဆေးရုံဟာ အဆောက်အဦပေါင်းများစွာ အလဟဿ ဖြစ်ပြီးတော့ လက်မဲ့ ဖြစ်သွားတယ်လို့ ခံစားရပါတယ်။ ဒါပင်မက မြို့နဲ့ ကျေးရွာ ပြည်သူများဟာ လပွတ္တာခရိုင်ဆေးရုံကို သွားရေးလာရေး ခက်ခဲနေပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လပွတ္တာမြို့နယ်ဟာ ပင်လယ်ပိုင်းဒေသ မြစ်ကူး ချောင်းဖြားများမှာ ကျေးရွာပြည်သူ များနေတာကြောင့် ရေလမ်းခရီးနဲ့ လပွတ္တာမြို့ဆိပ်ကမ်းကိုလာပြီးမှ ခရိုင်ဆေးရုံကိုသွားရပါတယ်။ ဒီတော့ ကျေးရွာနေပြည်သူများဟာ သွားရေးလာရေး ခက်ခဲတဲ့ကိစ္စ ဖြစ်ပါတယ်။ လပွတ္တာမြို့နယ်ဟာ ကျေးရွာအုပ်စုပေါင်း (၇၀)ကျော် ရှိတယ်။ ကျေးရွာပေါင်း (၅၀၀) နီးပါး ရှိတယ်။ လပွတ္တာမြို့မှာ ရပ်ကွက်(၁၁)ရပ်ကွက်ရှိတယ်။ လူဦးရေ (၂)သိန်း(၉)သောင်း ရှိတယ်။ ခရိုင်ဆေးရုံကို ကျေးရွာမှ လူနာများ သွားလို့ရှိရင် လပွတ္တာမြို့ဆိပ်ကမ်းကို လာပြီးမှ ခရိုင်ကို သွားရတယ်။ ဒါကြောင့်မို့လို့ ခရိုင်ဆေးရုံကို ပို့ဖို့အတွက် လပွတ္တာမြို့က လူပုဂ္ဂိုလ်များက နှလုံးသားအဖွဲ့တို့၊ ကရုဏာအဖွဲ့တို့၊ လူမှုရေးအသင်းတွေက ငွေကြေးတွေစု ကားတွေငှားပြီး ဝယ်စရာရှိတာဝယ်၊ ဝယ်ပြီး တော့မှ ငွေကြေးတွေကုန်ကျခဲ့တာ ၂၀၁၄ ခုနှစ်ကဆိုရင် (၂၈၆)သိန်းကုန်တယ်။ ၂၀၁၅ ခုနှစ်က ဆိုရင် (၁၆၄)သိန်း ကုန်တယ်။ ယခုနှစ်ကတော့ ငွေစာရင်းမထွက်သေးဘူး။ ဥက္ကဋ္ဌကြီးခင်ဗျား။ လပွတ္တာ မြို့သူ၊ မြို့သားများဟာ ၂၀၁၁ ခုနှစ်ကစပြီးတော့ ကိုယ့်ဆေးရုံပြန်ရရေးကိစ္စကို ဆန္ဒပြပွဲတွေပါ တောင်းဆိုခဲ့ တာကြောင့် လပွတ္တာမြို့ဆေးရုံကြီးမှာ အရေးပေါ်ဌာန ယာယီဖွင့်လှစ်ခဲ့တယ်။ ဒါပေမဲ့ စိတ်ရောကိုယ်ပါ လက်တွေ့ကျကျမဟုတ်တာကြောင့် ဆရာဝန်နဲ့ သူနာပြုဝန်ထမ်းတွေ အဆင်သင့် မရှိဖြစ်ပြီးတော့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ပီပြင်မှုမရှိလို့ သိရတယ်။ ယခုဆက်ပြီးတော့ တာဝန်ပေးမယ် ဆိုရင်လည်း ထူးခြားမှာမဟုတ်ပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုတင်ပြမယ့်ကိစ္စမှာ စဉ်းစားစရာရှိပါတယ်။ ခရိုင်ဆေးရုံကြီး ရှိနေပါလျက် မြို့နယ်ဆေးရုံ လိုသေးသလားဆိုတဲ့ ငြင်းချက် ဒါစဉ်းစားရမယ့်ပြဿနာ ဖြစ်ပါတယ်။ ဒီပြဿနာကို ကျွန်တော် တင်ပြပါမယ်။ မြန်မာနိုင်ငံမှာရှိတဲ့ ခရိုင်တွေအားလုံးဟာ မြို့နယ်နဲ့ခရိုင် တွဲပြီးတော့ တစ်ဆက်တည်း တစ်ပြည်လုံး တည်ထောင်ထားတာ ဖြစ်ပါတယ်။ ဥပမာအားဖြင့် ဧရာဝတီတိုင်းမှာ (၆)ခရိုင် ရှိတယ်။ လပွတ္တာကလွဲလို့ ကျန်တဲ့မြို့နယ်တွေ အားလုံးဟာ ခရိုင်နဲ့ မြို့နယ်က တစ်ဆက်တည်းပဲ။ လပွတ္တာ တစ်ခုတည်း ထူးခြားနေတာက ခရိုင်မြို့သစ်တည်တဲ့အတွက် ဒီပြဿနာဟာ ပေါ်လာတာ။ မြို့နယ်ဆေးရုံ မရှိဘဲနဲ့ ခုတင်(၂၀၀)ခရိုင်ဆေးရုံကြီးတော့ ရလိုက်တယ်။ ဒါပေမဲ့ မြို့သူ၊ မြို့သားများဟာ ကျန်းမာရေးစောင့်ရှောက်မှု ခက်ခဲတယ်ဆိုတာ မငြင်းနိုင်ပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ ခရိုင်မြို့သစ်ဟာ (၇)နှစ်ခန့်သာ ကြာတယ် တိုးတက်မှု မရှိပါဘူး။ မြို့သစ်က အိမ်ထောင်စု (၂၀၀)ပဲ ရှိတယ်။ ဝန်ထမ်းများ လုပ်ငန်းခွင်မှာ ပျော်ရွှင်မှု မရှိဘူးဆိုတာ Facebook တွေမှာ တွေ့နေရတယ်။ ဒါကြောင့်မို့လို့ ဒီနေရာမှာ အလျဉ်းသင့်လို့ ပြောခွင့်ပြုပါ။ ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်ကြီးကို ရောက်လာပြီး သမ္မတဦးသိန်းစိန် က ညစာစားပွဲမှာ တစ်ဦးချင်း လိုက်တွေ့တဲ့အခါမှာ ကျွန်တော်နဲ့တွေ့တယ်။ အဲဒီမှာ ကျွန်တော့်ကို ဦးကြည်ဝင်း ခင်ဗျားတို့ ခရိုင်မြို့ကို ပြောင်းကြပါလားလို့ ပြောတဲ့အခါကျတော့ သမ္မတကြီး ကျွန်တော်တို့ ဘယ်လိုလုပ် ပြောင်းမလဲ။ ပင်လယ်ပိုင်းဆိုတာ မြစ်ဝကျွန်းပေါ်မှာ နေတဲ့လူတွေဟာ မြစ်ကမ်းနားတွေမှာပဲ နေကြတာ၊ တောင်ပေါ် မြို့တွေမှာ ဘယ်လိုမှနေလို့ မရဘူးဆိုတာ ဒါလည်း ဟုတ်တာပဲလေဆိုပြီး သူဆက်မပြောတော့ပါဘူး။ ဒီအကြောင်းကို ပြောရတာကတော့ ဆေးရုံနဲ့ပတ်သက်ပြီးတော့ လပွတ္တာမြို့သစ် စီမံကိန်းအကြောင်းကို အလျဉ်းသင့်လို့ ပြောတာပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ အစိုးရအဆက်ဆက် ယခင်က လုပ်ခဲ့တဲ့ စီမံကိန်းတွေက ကောင်းမွေ၊ ဆိုးမွေတွေကို နောက်ဆက်ခံမယ့် အစိုးရတွေက ရှောင်လွှဲလို့ မရပါဘူး။ ဖြစ်သင့်ဖြစ်ထိုက်တာတွေ အကောင်းမြင်သဘောနဲ့ လက်တွေ့ပြည်သူ့အကျိုး ၊ နိုင်ငံ့အကျိုး စဉ်းစားချင့်ချိန်ပြီး အကောင်အထည် ဖော်ရမယ်ဆိုတာ ကျွန်တော်တို့ နားလည်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လပွတ္တာမြို့သူ၊ မြို့သားတွေ တင်ပြတောင်းဆိုနေတဲ့ မြို့နယ်ဆေးရုံကြီး ပြန်လည်နေသားတကျ ဖြစ်ရေးကိစ္စဟာ ခက်ခဲတဲ့ကိစ္စ မဟုတ်ဘူးလို့ ကျွန်တော် သဘောရိုးနဲ့ တင်ပြပါတယ်။ ကျွန်တော်တို့ အစိုးရလက်ထက်မှာ နိုင်ငံတော် ပြည်သူတွေ ဝန်ထုပ်ဝန်ပိုးဖြစ်နေတာကို ဖြေရှင်းရာမှာ ငွေကြေး နိုင်ငံတော်ဘတ်ဂျက် ထိခိုက်မှု မရှိဘူးဆိုရင် ပြည်သူတွေ တောင်းဆိုတာကို ပြုလုပ်ပေးနိုင်မယ်လို့ ကျွန်တော် ယူဆပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အတိုက်အခိုက်ခံဘဝနဲ့ နိုင်ငံရေးလုပ်ခဲ့စဉ်တုန်းက ပြည်သူတွေ ဝန်ထုပ်ဝန်ပိုး ဖြစ်မှာကို ကျွန်တော်တို့ ရှောင်ပါတယ်။ ဥပမာအားဖြင့် ရဲတပ်ဖွဲ့၊ စစ်တပ်၊ တရားရုံး၊ မြေစာရင်း အားလုံး ဌာနဆိုင်ရာနဲ့ ကြုံတာကို ကျွန်တော်တို့ တတ်နိုင်သလောက်၊ ကြုံခဲ့ပါတယ်။

ဒါပေမဲ့ အထူးသဖြင့် ကျန်းမာရေးဌာနဆရာဝန်များနဲ့ ပြဿနာမဖြစ်အောင် သတိထား ရပါတယ်။ ဘာကြောင့်လဲဆိုတော့ ယခုလို စိတ်မကောင်းဖြစ်ရတာမျိုး၊ ကျန်းမာရေးဝန်ထမ်းနဲ့ ဆရာဝန် များနဲ့ လပွတ္တာမြို့သူ၊ မြို့သားများ ဆက်ဆံရေး အဆင်မပြေတာဟာ နှစ်ဖက်စလုံး နစ်နာပါတယ်။ ကျန်းမာရေး ဝန်ထမ်းက ပြောင်းသွားရင် သူ့ကိစ္စ ပြီးပေမယ့် ဒီသတင်းကို ကြားပြီးတော့ နောက် ပြောင်းလာမယ့်ဝန်ထမ်းက လပွတ္တာမြို့ကို မလာချင်တာမျိုးတွေရှိရင် ကျွန်တော်တို့မြို့ နစ်နာပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လပွတ္တာမြို့ဆေးရုံကြီးကို ယခုရှိရင်းစွဲ အခြေအနေအတိုင်းဖြစ်စေ၊ ဆေးရုံအင်္ဂါရပ်နဲ့ ပြည့်စုံတဲ့ဆေးရုံကြီးအဖြစ် ပြန်လည်ဖွင့်လှစ်ပေးရန် အခြေအနေ ရှိ/ မရှိ ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းပေးပါရန် မေတ္တာရပ်ခံပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ချင်းပြည်နယ်၊ မင်းတပ်ခရိုင် ပြည်သူ့ ဆေးရုံတွင် လူနာများအား စမ်းသပ်၊ ခွဲစိတ်ပစ္စည်းကိရိယာများ ပြည့်စုံစွာပံ့ပိုးပေးရန်နှင့် ကုသမှုဆိုင်ရာ သမားတော်ကြီးများကို တိုးချဲ့ခန့်ထားရန် အစီအစဉ် ရှိ/မရှိ နှင့် မင်းတပ်မြို့တွင် လိုအပ်လျက်ရှိသည့် တိုင်းရင်းဆေးရုံနှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမာန်လောမောင်း က ချင်းပြည်နယ်၊ မင်းတပ်ခရိုင် ပြည်သူ့ဆေးရုံတွင် လူနာများအား စမ်းသပ်၊ ခွဲစိတ်ပစ္စည်းကိရိယာများ ပြည့်စုံစွာ ပံ့ပိုးပေးရန်နှင့် ကုသမှုဆိုင်ရာ သမားတော်ကြီးများကို တိုးချဲ့ခန့်ထားရန် အစီအစဉ် ရှိ/မရှိ နဲ့ မင်းတပ်မြို့တွင် လိုအပ်လျက်ရှိသည့် တိုင်းရင်းဆေးရုံနှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဦးမာန်လောမောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)**။ ။ အားလုံး ကိုယ်စိတ်နှစ်ဖြာ ချမ်းမြေ့ကြပါစေလို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ မင်းတပ်မြို့ အမှတ်(၈)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမာန်လောမောင်း ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ ချင်းပြည်နယ်၊ မင်းတပ်မြို့ ခရိုင်ဆေးရုံ ခုတင်(၁၀၀)ဆံ့တွင် ပခုက္ကူ နှင့် မန္တလေး ဆေးရုံများသို့ လူနာများ လွှတ်ရန်မလိုဘဲ သက်ဆိုင်ရာ သမားတော်ကြီးများ တိုးချဲ့ ခန့်ထားပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိ နှင့် ချင်းပြည်နယ်၊ မင်းတပ်မြို့တောင်ပိုင်း (၃)မြို့နယ်အတွက် ခရိုင် တိုင်းရင်းဆေးရုံ ဖွင့်လှစ်ပေးရန်နှင့် တိုင်းရင်းဆေးဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းပဲ ဖြစ်ပါတယ်။ အချိန်မလုံလောက်ပါက အနည်းငယ်တိုးပေးရန် ကြိုတင် ပန်ကြားအပ်ပါတယ်။ ချင်းပြည်နယ်၊ မင်းတပ်မြို့ ခရိုင်ဆေးရုံသည် ခုတင် (၁၀၀)ဆံ့ ဆေးရုံ ဖြစ်ပါတယ်။

ယခင်အချိန်ခါက အဆိုပါဆေးရုံသည် အရေးပေါ်လူနာများ ဘယ်မြို့မှမလွှဲဘဲ ခွဲစိတ် ကုသခဲ့သည့် နာမည်ကြီးဆေးရုံ ဖြစ်ခဲ့ပါတယ်။ မကွေးတိုင်းမှ လူနာများတောင် လာရောက်ခွဲစိတ် ကုသကြပါတယ်။ ယခုမူ ရိုးရိုးဖျားနာလူနာများမှအပ အရေးပေါ်လူနာများဖြစ်သည့် ယာဉ်တိုက်မှု၊ ဆိုင်ကယ်တိုက်မှု လူနာတွေ၊ ခွဲစိတ်ကုသမယ့် လူနာတွေ အားလုံးကို ပခုက္ကူနှင့် မန္တလေးမြို့ဆေးရုံကြီး သို့သာ ပစ္စည်းကိရိယာများ မပြည့်စုံကြောင်း အကြောင်းပြကာ လွှဲကြပါတယ်။ မရှိဆင်းရဲသားလူနာများ အတွက် အဆိုပါ မြို့များသို့ သွားရန် ကုန်ကျစရိတ်(၅)သိန်း၊ (၆)သိန်း ကုန်ကျသဖြင့် အဆင်မပြေ ဖြစ်ကြ ပါတယ်။ သာဓကအားဖြင့် မှိုစားပြီး အဆိပ်သင့်သည့် လူနာ(၂)ဦးကို မန္တလေးသို့ လွှဲသဖြင့် တစ်ဦးမှာ လမ်းမှာဆုံးပြီး၊ ကျန်တစ်ဦးမှာ မန္တလေးရောက်ပြီး ဆုံးသွားပါတယ်။ ၎င်းအပြင် ဆိုင်ကယ် တိုက်မိသည့် အမျိုးသမီးတစ်ဦးကို မန္တလေးမြို့သို့လွှဲရာ လမ်းမှာပင်ဆုံးသွားပါသည်။ မိအေးနှစ်ခါနာ လူလည်းသေ၊ ငွေကြေးလည်း ကုန်ကျဖြစ်သွားပါသည်။

သို့ဖြစ်၍ မင်းတပ်မြို့ ခရိုင်ဆေးရုံသည် မင်းတပ်မြို့၊ မတူပီမြို့၊ ကန်ပက်လက်မြို့ (၃)မြို့နယ်မှ ဆင်းရဲသားလူနာများ အားကိုးသည့် ဆေးရုံ ဖြစ်သည့်အတွက် မည်သည့်မြို့သို့ လွှဲစရာ မလိုဘဲ လူနာစမ်းသပ်သည့်ကိရိယာများ၊ ခွဲစိတ်ကိရိယာများကို ပြည့်စုံစွာ နိုင်ငံတော်မှ ပံ့ပိုးပြီး ဆိုင်ရာ

ဆိုင်ရာ သမားတော်ကြီးများကို တိုးချဲ့ခန့်ထားပေးရန် အစီအစဉ် ရှိ/ မရှိ နှင့် ချင်းပြည်နယ် တောင်ပိုင်း မင်းတပ်မြို့ မတူပီ၊ ကန်ပက်လက်မြို့နယ်တို့အတွက် မင်းတပ်မြို့ခရိုင်တိုင်းရင်းဆေးရုံကို (၃)မြို့နယ် လူနာများအတွက် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/ မရှိ နှင့် တိုင်းရင်းဆေး ဝန်ထမ်းများရဲ့ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ မန်တုံမြို့နယ်၊ နမ့်ဟိုင်းတိုက်နယ်ဆေးရုံ စံကိုက်ဖွဲ့စည်းပုံဖြင့် ၂၀၁၆ -၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမိုင်းအုဏ်းခိုင်က ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ မန်တုံမြို့နယ်၊ နမ့်ဟိုင်းတိုက်နယ်ဆေးရုံ စံကိုက်ဖွဲ့စည်းပုံဖြင့် ၂၀၁၆ -၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဦးမိုင်းအုဏ်းခိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀) ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမိုင်းအုဏ်းခိုင် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမယ့် မေးခွန်းကတော့ ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ မန်တုံမြို့နယ်ထဲမှာပါတဲ့ နမ့်ဟိုင်းဒေသမှာ လာမယ့် ၂၀၁၆ -၂၀၁၇ ဘဏ္ဍာနှစ်မှာ တိုက်နယ်ဆေးရုံ စံကိုက်ဖွဲ့စည်း ဖွင့်လှစ်ပေးဖို့ မေးမြန်းမယ့်မေးခွန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ မန်တုံမြို့နယ်ထဲမှာ ပါဝင်တဲ့ နမ့်ဟိုင်းဒေသဟာဆိုလို့ရှိရင် မန်တုံမြို့နယ်ရဲ့ အရှေ့ခြမ်းမှာ တည်ရှိပြီးတော့ မန်တုံမြို့နယ်နဲ့ ကားလမ်းအားဖြင့် ဆက်သွယ်နိုင်တဲ့လမ်း မရှိပါဘူး။ ကျွန်တော်တို့ နမ့်ဟိုင်းဒေသကို သွားမယ်ဆိုလို့ရှိရင် မန်တုံနဲ့ နမ္မတူကနေတစ်ဆင့် သွားရပါတယ်။ နမ္မတူနဲ့ မန်တုံဟာဆိုလို့ရှိရင် (၃၇)မိုင်ကွာဝေးပြီးတော့ နမ္မတူနဲ့ နမ့်ဟိုင်းဟာဆိုရင် မိုင်(၂၀)စုစုပေါင်း (၅၇)မိုင် ကွာဝေးပါတယ်။

အဲဒီဒေသဟာဆိုလို့ရှိရင် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး နောက်ကျတဲ့ ဒေသတစ်ခု ဖြစ်ပြီးတော့ ဒီဒေသမှာ နေထိုင်တဲ့ တိုင်းရင်းသားများဟာဆိုလို့ရှိရင် ကျန်းမာရေးစောင့်ရှောက်မှု အထူးလိုအပ်တဲ့ ဒေသတစ်ခုလည်း ဖြစ်ပါတယ်။ အဲဒီဒေသကို ပြန်ကြည့်လိုက်မယ်ဆိုလို့ရှိရင် တိုင်းရင်းသားများဟာ ရှမ်းတိုင်းရင်းသား၊ ပလောင်၊ ကချင်၊ လီဆူးတိုင်းရင်းသားများဖြစ်ကြပြီးတော့ လက်ဖက် လုပ်ငန်းနဲ့ တောင်ယာလုပ်ငန်းသာ လုပ်ကိုင်လျက်ရှိပါတယ်။ အဲဒီဒေသမှာ တိုင်းရင်းသားများဟာဆိုလို့ရှိရင် မြို့ပေါ်တက်ရောက်ပြီးတော့ ဆေးကုသဖို့အတွက် သွားလာတဲ့စရိတ်၊ မြို့ပေါ်မှာ နေထိုင်မယ့် စားသောက်စရိတ်၊ ဆေးကုသမယ့် စရိတ်တွေဟာ သူတို့အတွက် အခက်အခဲဖြစ်သလို ဘာသာစကား အားဖြင့်လည်း ခက်ခဲတဲ့ ဒေသတစ်ခုဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ အဲဒီနမ့်ဟိုင်းဒေသကို ကျွန်တော်တို့ တိုက်နယ်ဆေးရုံတစ်ရုံ ဆောက်လုပ်ပေးဖို့ အင်မတန် အထူးလိုအပ်တဲ့ အနေအထားမှာရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုအပ်ချက်ရှိနေတာကြောင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ ငွေလုံးငွေရင်း ကနဦး ချမှတ်ပြီးဖြစ်တဲ့အတွက်ကြောင့် ဒီနယ်မြေဒေသ အခြေအနေနဲ့ ဆေးရုံလိုအပ်မှုရှိကြောင်းကို မြို့နယ်စီမံခန့်ခွဲမှု ကော်မတီရဲ့ ၁၉-၁၁-၂၀၁၅ ခုနှစ်၊ စာအမှတ်၊ ၅/၂-၂/ဦး-၆(၁၀၁၄)စာအားဖြင့် တွဲဖက်ပြည်နယ် ကုသရေးဦးစီးဌာနကို တင်ပြထားပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နမ့်ဟိုင်းတိုက်နယ်ဆေးရုံစံကိုက် ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ မေးမြန်းအပ်ပါတယ်။ (၂)အနေနဲ့ကတော့ တကယ်လို့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ ဆောက်ပေးနိုင်ခြင်းမရှိခဲ့ဘူးဆိုရင် ဦးစားပေးအစီအစဥ်အနေနဲ့ ၂၀၁၇-၂၀၁၈ မှာ ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၅။**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်အားလုံး စိတ်၏ကျန်းမာခြင်း၊ ကိုယ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ပထမဆုံး ပြောကြားလိုပါတယ်။ ကျွန်တော့်အနေနဲ့ မေးခွန်းများကို တစ်ခုပြီးတစ်ခု ဆက်လက်ဖြေသွားမှာ ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာသန်းဝင်း မေးမြန်းသည့် မေးခွန်းဖြစ်သော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတွင် လက်ထောက်ဆရာဝန်များကို စတင်ခန့်ထားပြီး နေရာချထားသည့်အခါ၌ ပထမ(၂)နှစ်ကို ဆေးလက်တွေ့ ကုသမှု အတွေ့အကြုံရရှိစေရန်အတွက် အထူးကုဆရာဝန်ကြီးများ ရှိသော သင်ကြားရေးဆေးရုံကြီးများ၊ ပြည်နယ်/တိုင်း ဒေသကြီး၊ ခရိုင် ဆေးရုံကြီးများတွင် နေရာချထားပေးနိုင်ခြင်း ရှိ/မရှိနှင့် ပတ်သက်၍ ဖြေကြားပါမယ်။

ဤမေးခွန်းသည် အချိန်အခါနှင့် အခြေအနေအရ မေးသင့်သော မေးခွန်းဖြစ်ပြီး မြန်မာနိုင်ငံဆေးလောကအတွက် ပိုမိုပီပြင်ကောင်းမွန်ရန်အတွက် အရေးကြီးသော အထောက်အကူပြု မေးခွန်းဖြစ်ပါတယ်။ မြန်မာနိုင်ငံ၏ ဆေးပညာဘွဲ့ရ ဆရာဝန်များသည် တစ်စုံတစ်ခုသော အတိုင်းအတာထိ ထိရောက်ပြီး အရည်အသွေးရှိသော ဆေးကုသမှုကို ပြည်သူများအား ပေးနိုင်ရန်အတွက် ဆေးပညာ၏ အဓိကဘာသာရပ် (၄)ခုဖြစ်သော ဆေးကုသမှုပညာ၊ ခွဲစိတ်ကုသမှုပညာ၊ ကလေးဆေးကုသမှုပညာ၊ သားဖွားနဲ့မီးယပ် ဆေးကုသမှုပညာတို့ကို ယခုထက် ပိုမိုတတ်ကျွမ်းစေရန် ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလတွင် စတင်ခန့်မည့် (၁၇၀၈)ဦးရှိ လက်ထောက်ဆရာဝန်များကို အထူးကုဆရာဝန်ကြီးများရှိသော သင်ကြားရေးဆေးရုံကြီးများ၊ ပြည်နယ်/တိုင်းဆေးရုံနှင့် ခရိုင်ဆေးရုံကြီးများတွင် (၁)နှစ်ခွဲမှ (၂)နှစ်အထိ နေရာချထားမည်ဖြစ်ပါသည်။ ခုတင်(၁၀၀)အထက် ဆေးရုံကြီးများ၌ ခွင့်ပြုခန့်ထားစာရင်းအရ (၁၅၁၅)ဦး လိုလျက်ရှိပါသည်။

ထိုသို့ခန့်ထားရာတွင် ရန်ကုန်၊ မန္တလေးကဲ့သို့သော မြို့ကြီးများရှိ ဘာသာရပ်ဆိုင်ရာ အထူးကု ဆေးရုံကြီးများ၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဗဟိုသားဖွားနဲ့ မီးယပ်ဆေးရုံကြီး၊ ကလေးဆေးရုံကြီးတွင် တာဝန်ချထားခံရသောအခါ ဆေးကုသမှုပညာ၊ ခွဲစိတ်ကုသမှုပညာ၊ ကလေးဆေး ကုပညာ၊ သားဖွားနှင့် မီးယပ်ဆေးကုပညာ စသော အဓိကဘာသာရပ်များကို အလှည့်ကျ စုံလင်စွာ တာဝန်ထမ်းဆောင်ခွင့် ရရှိရန် သက်ဆိုင်ရာ ဆေးရုံကြီးများမှ မိမိတို့ ဆေးရုံအချင်းချင်း အလှည့်ကျစနစ်ဖြင့် လဲလှယ်တာဝန် ချထားမည်ဖြစ်ပါကြောင်း ပြောကြားလိုပါတယ်။

သို့မှသာလျှင် ဘက်စုံသိသော All Rounder ဆရာဝန်များ ဖြစ်မည်ဖြစ်ပါသည်။ အထူးပြု ဘာသာရပ်တစ်ခုတည်းတွင် ကာလကြာရှည်စွာ တာဝန်ချထားခြင်း ကျွန်တော်တို့ မပြုတော့ပါ။ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ အစားအသောက်နဲ့ ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာနတို့နှင့် ဆေးဘက်နှီးနွယ်တက္ကသိုလ်နှင့် သင်တန်းကျောင်းများ၌မူ တိုက်ရိုက် တာဝန်ချထားမည်ဖြစ်ပြီး လုပ်ငန်းခွင်အတွင်း ထိရောက်သော အချိန်တိုသင်တန်းများကို အလုပ် လုပ်သည်နှင့် တစ်ပြေးညီ ပို့ချသွားမှာ ဖြစ်ပါတယ်။ ဤကိစ္စနဲ့ပတ်သက်၍ စီစဉ်ထားပြီးဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးများကို အသိပေးလိုသည်မှာ MBBS ဘွဲ့ရပြီး အလုပ်သင် ဆရာဝန်(၁)နှစ် တာဝန်ထမ်းဆောင်ချိန်အတွင်း၌ ယခုထက် ပိုမို အတွေ့အကြုံရရန် အလုပ်သင် ဆရာဝန်များအား ဆရာဝန်ကြီးများမှ လက်တွေ့သင်ကြားပေးမှုနဲ့ ဆန်းစစ်မှုစနစ် (House Surgeon Assessment and Training System)ကိုလည်း စိစစ်သုံးသပ်ပြောကြားထားသည့်အတွက် သက်ဆိုင်ရာ ပါမောက္ခများမှ သုံးသပ်ပြီး အလုပ်သင်ဆရာဝန်လက်စွဲစာအုပ် ပုံနှိပ်ထုတ်ဝေနေပြီ ဖြစ်ပါတယ်။ မကြာခင်အလွန်နီးကပ်သော ကာလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်မည် ဖြစ်ပါသည်။ လိုအပ်ပါက (လိုအပ်မည်ဟု ထင်ပါသည်။) အလုပ်သင်ဆရာဝန်ကာလကိုလည်း (၁)နှစ် ထက်ပိုပြီး ထားရန် ပါမောက္ခများနဲ့ ညှိနှိုင်း၍ ဆွေးနွေးနေပါတယ်။ ဤကိစ္စသည် လွှတ်တော်ကိုယ်စားလှယ်ကြီး မေးသည့် မေးခွန်းနှင့် ဆက်စပ်နေပါသည်။

ဤကဲ့သို့ အလုပ်သင်ဆရာဝန်ကို (၁)နှစ်ထက်ပိုမိုခန့်ထားပါက ဆေးပညာအဓိက(၄)ခု အပြင် မျက်စိ၊ နား၊ နှာခေါင်း၊ ဦးနှောက်နှင့် အာရုံကြော၊ အရိုးနှင့်ထိခိုက်ဒဏ်ရာ၊ အရေးပေါ် ကျန်းမာရေး၊ အထူးကြပ်မတ်ကုသရေး၊ စိတ်ကျန်းမာရေး စသောဘာသာရပ်တို့၏ အခြေခံကုသပုံ စနစ်တို့ကို ပိုမို ကျွမ်းကျင်စေခြင်းဖြင့် အလုပ်သင်ဆရာဝန်များ တာဝန်ပြီးဆုံးပါက မြို့နယ်ဆေးရုံ၊ တိုက်နယ်ဆေးရုံများတွင် ယုံကြည်ချက် အပြည့်ဖြင့် တိုက်ရိုက်ခန့်ထားဆောင်ရွက်နိုင်မည့် အလားအလာများ များစွာရှိပါသည်။ တစ်ဆက်တည်း ပြောလိုသည်မှာ လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါက်တာဦးသန်းဝင်း မေးသကဲ့သို့ ဆရာဝန်တစ်ဦးသည် ကုသမှုပိုင်းဆိုင်ရာ ကျွမ်းကျင်မှု တစ်ခုတည်းနဲ့ မလုံလောက်ပါ။ ဆေးပညာကျင့်ဝတ်သည် အလွန့်အလွန် အရေးကြီးတဲ့အတွက် ကျွန်တော်တို့ ယခုနှစ်မှ စ၍ ပထမဆေး MBBS မှ Final MBBS အထိ နှစ်စဉ် ဆေးပညာကျင့်ဝတ်ကို စတင်သင်ကြားလျက် ရှိပါသည်။ ဆရာကြီး ဦးသန်းဝင်း ရဲ့ လိုအပ်ချက် အများကြီးပြည့်သွားမှာပါ။ သို့မှသာ ကျွန်တော်တို့သည် ကျင့်ဝတ်နဲ့ပြည့်စုံ၊ ဆေးပညာ ကျွမ်းကျင်မှုပိုင်းလည်းရှိသည့် ဆရာဝန်ကောင်းများ ဖြစ်လာမည် ဖြစ်ပါသည်။

ဆိုလိုသည်မှာ ethically minded, fully committed, professionally competent ဖြစ်တဲ့ ဆရာဝန်များဖြစ်မှာ ဒါ ဆရာ ဦးသန်းဝင်း လိုချင်တဲ့ကိစ္စဖြစ်ပါသည်။

ဤမေးခွန်း၏ နောက်ကွယ်၌ရှိသော ရည်ရွယ်ချက်မှာ ဆရာဝန်များ၏ အရည်အသွေးနှင့် ကုသမှုကို ထိရောက်စေရန် ရည်ရွယ်ကြောင်း ကျွန်တော် ကောက်ချက်ချမိပါသည်။ ကျွန်တော်တို့ ဆရာဝန်များ၏ အရည်အသွေးကို မြှင့်တင်ရန် ၂၀၁၈ ခုနှစ်မှစ၍ Integrated Curriculum ပေါင်းစပ်ထားသော သင်ရိုးညွှန်းတမ်းဖြင့် ဆေးကျောင်းများ၌ သင်တော့မည်ဖြစ်ပါသည်။ ယခု သင်ကြားပုံမှာ ဘာသာရပ် တစ်ခုချင်းအခြေခံသည့် စနစ်ဖြစ်ပါသည်။ ကမ္ဘာ့နိုင်ငံအများတွင် Integrated Curriculum သုံးပြီး သင်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီး ဆရာ ဦးသန်းဝင်း မေးသည့် နောက်ပိုင်း ထွက်လာမည့် ဆရာဝန်များသည် အရည်အသွေး လုံးဝပြည့်မီမှာဟု ကျွန်တော် ယုံကြည်ပါသည်။ ယခု လောလောဆယ်၌ လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါက်တာ ဦးသန်းဝင်း မေးသည့်အတိုင်း တာဝန်ချထားလျက်ရှိပြီး အထူးပြုဘာသာရပ်များ အလှည့်ကျစုံလင်စွာ တာဝန်ထမ်းဆောင်ခွင့်ရရန် ယခင်လတည်းကပင် ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခများနဲ့ ကျွန်တော်တို့ တိုင်ပင်၍ ဆုံးဖြတ်ထားပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ကျွန်တော့်အနေနဲ့ ဒုတိယမေးခွန်းဖြစ်သော ဧရာဝတီတိုင်းဒေသကြီး အမှတ်(၁၂) မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကြည်ဝင်း ၏ ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာ မြို့နယ်တွင် ပြည်သူ့ဆေးရုံ ပြန်လည်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ သိလိုခြင်းနှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြ မေးခွန်းနဲ့ ပတ်သက်၍ ပြန်လည် ဖြေကြားမည်ဖြစ်ပါတယ်။

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ်တွင် မူလဖွင့်လှစ်ထားသော(၂၅)ခုတင်ဆံ့ ပြည်သူ့ ဆေးရုံအား ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်သည့်အခါ မူလဆေးရုံ ဟောင်းနေရာသည် ရေမြုပ်နိုင်သည့် သဘာဝဘေးအန္တရာယ်ရှိခြင်း၊ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးနှင့် လျော်ညီသည့် အဆောက်အဦများ ဆောက်လုပ်ရန် မြေနေရာလုံလောက်မှု မရှိခြင်းတို့ကြောင့် ခုတင် (၂၀၀)ပြည်သူ့ ဆေးရုံကြီး ယခုဖွင့်လှစ်သည့်နေရာသို့ ပြောင်းရွှေ့၍ ဖွင့်လှစ်ရခြင်း ဖြစ်ပါသည်။ မူလ ပြည်သူ့ဆေးရုံနှင့် (၃)မိုင် (၄)ဖာလုံ ကွာဝေးပါသည်။ ဆေးရုံပြောင်းရွှေ့ဖွင့်လှစ်ခဲ့သော်လည်း မူလဆေးရုံ ဟောင်းနေရာတွင် လက်ထောက်ဆရာဝန်(၁)ဦး၊ သူနာပြု(၂)ဦး၊ အလုပ်သမား(၁)ဦးတို့နှင့် အလှည့်ကျ စေလွှတ်၍ ရုံးချိန်အတွင်း သာမန် ပြင်ပလူနာကြည့်ရှုကုသမှုများကို ဆက်လက်ဆောင်ရွက်ပေးခဲ့ပြီး ပြည်သူလူထု၏ တောင်းဆိုမှုအရ ၂၀၁၃ ခုနှစ်တွင် ဧပြီလမှစ၍ လပွတ္တာမြို့ ခုတင်(၂၀၀) ပြည်သူ့ ဆေးရုံကြီး၏ အင်အားဖြင့် လက်ထောက်ဆရာဝန်(၁)ဦး၊ သူနာပြု(၂)ဦး၊ အလုပ်သမား(၂)ဦးတို့ကို တာဝန်ပေးအပ်ကာ (၂၄)နာရီ ပြင်ပလူနာကြည့်ရှုကုသမှု စောင့်ရှောက်ပေးလျက်ရှိပါသည်။

လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသည့်အတွက် ဤဆရာဝန်များသည် တာဝန်ထမ်းဆောင် သည့်အခါမှာ အပြည့်အဝတာဝန်ထမ်းဆောင်ခြင်း ရှိနိုင်/မရှိနိုင် ကျွန်တော်တို့ ဗဟိုမှ ကြီးကြပ်မည်ဖြစ် ပါသည်။ ထို့အပြင် အရေးပေါ်လူနာများအား ဆေးရုံသစ်နေရာသို့ ပို့ဆောင်နိုင်ရေးအတွက် လပွတ္တာမြို့ရှိ လူမှုရေးအသင်းအဖွဲ့များက လူနာတင်ယာဉ်များဖြင့် အခမဲ့ပို့ဆောင်ပေးလျက်ရှိပါသည်။ သို့သော်လည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ လူနာတင်ယာဉ်(၁)စီးကို ထပ်မံ၍ ထောက်ပံ့သွားမည်

ဖြစ်ပါသည်။ ဆေးရုံသစ်နေရာသည် မြို့နှင့် (၃)မိုင်(၄)ဖာလုံ ကွာဝေးသည့်အတွက် လူနာများ အချိန်မီ လွယ်ကူစွာ ရောက်ရှိနိုင်ရန် ဆေးရုံလမ်းကို ပိုမိုကောင်းမွန်အောင် ပြင်ဆင်ပေးရန်တော့ လိုအပ်မည် ဖြစ်ပါသည်။

မူလဆေးရုံ(၂၅)ခုတင်၏ ဆေးရုံလူလာမှု စစ်တမ်းကို ကောက်ကြည့်ရာ ၂၀၁၂ ခုနှစ်တွင် တစ်နေ့ပျမ်းမျှ အပြင်လူနာ(၃၄)ဦး၊ ၂၀၁၃ ခုနှစ်တွင် တစ်နေ့ပျမ်းမျှ လူနာ(၉)ဦး၊ ၂၀၁၄ တွင် (၁၃)ဦး၊ ၂၀၁၅ တွင်(၁၈)ဦးခန့်သာ ရှိပါသည်။ ခုတင်(၂၀၀)ဆံ့ ခရိုင်ဆေးရုံကြီး၏ ဆေးရုံခုတင် အသုံးချမှုကို ကြည့်သည့်အခါ၌လည်း ပျမ်းမျှ ပြင်ပလူနာသည် ၂၀၁၁ မှ ၂၀၁၅ အထိ တစ်နေ့လျှင်(၆)ဦး၊ (၁၁)ဦး၊ (၁၄)ဦး၊ (၂၉)ဦး၊ (၄၇)ဦး၊ (၄၃)ဦးသာ ရှိပါသည်။ ထို့ပြင် အတွင်းလူနာများအားလည်း ၂၀၁၂ မှ ၂၀၁၆ အထိ ကြည့်ရှုရာ တစ်နေ့လျှင် (၄၇)ဦး၊ (၅၇)ဦး၊ (၇၈)ဦး၊ (၉၉)ဦး၊ (၁၁၂)ဦး၊ (၁၂၆)ဦးသာ ရှိပါသည်။ ဆေးရုံ ခုတင်အသုံးချမှု ခုတင်(၂၀၀)ဆေးရုံကြီး၏ ခုတင်အသုံးချမှု ရာခိုင်နှုန်းကို ကြည့်ရှုသည့် အခါ၌လည်း ၂၀၁၁ မှ ၂၀၁၆ အထိ (၂၉)၊ (၃၉)၊ (၅၀)၊(၅၆)၊(၆၃) ရာခိုင်နှုန်းသာလျှင်ရှိသဖြင့် မူလ (၂၅)ခုတင် မြို့နယ်ဆေးရုံကို ပိုမိုတိုးချဲ့ သို့မဟုတ် ဖွင့်လှစ်ပါကလည်း အသုံးချမှု ရာခိုင်နှုန်း Utilization Rate အနေဖြင့် နည်းသဖြင့် ဘဏ္ဍာရေးရှုထောင့်မှ ကြည့်ပါကလည်း Cost-Effective တွက်ခြေမကိုက်ပါ။ လူသားအရင်းအမြစ် အသုံးချမှု ရှုထောင့်မှကြည့်ပါကလည်း အကျိုးအမြတ် နည်းသည်ဖြစ်ပါသည်။

သို့သော် လပွတ္တာဆေးရုံ ခုတင်(၂၀၀)ဆေးရုံကြီးကို ကျွန်တော်တို့ လေ့လာကြည့်ရှုတဲ့ အခါမှာ သူနာပြု-၃ နှင့် သူနာပြုများ၏ ခန့်ထားမှုမှာ အလွန့်အလွန်နည်းသည်ကို တွေ့ရပါသည်။ (၉၄)ဦးရှိ သည့်နေရာမှာ (၁၈)ဦးသာရှိခြင်း၊ သူနာပြု-၃ (၂၀၀)ရှိသည့်နေရာမှာ (၄၄)ဦးသာရှိခြင်း ဖြစ်သည့်အတွက် ဤကိစ္စသည် အလွန့်အလွန်အရေးကြီးသည့်အတွက် ယခု လာမည့် နိုဝင်ဘာလတွင် ခန့်အပ်မည့် သူနာပြုများမှ ဤဆေးရုံကို ဦးစားပေး၍ အပ်ခန့်မည်ဖြစ်ကြောင်း ပြောကြားလိုပါသည်။ လိုအပ်သော လက်ထောက်ဆရာဝန်မှာ (၆၈)ဦးရှိသော်လည်း (၃၉)ဦးသာ ခန့်ထားနိုင်ပြီး (၂၉)ဦး လစ်လပ်လျက်ရှိသဖြင့် တတ်နိုင်သမျှ ကျွန်တော်တို့ ပြန်လည်ခန့်ထားမည် ဖြစ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ်ကြီးများ အမြဲတမ်း တောင်းဆိုသည့် ကျန်းမာရေးဝန်ထမ်းကို အပြည့် မပေးနိုင်ခြင်းမှာ ယခင်က ကျွန်တော်တို့၏ ကျန်းမာရေးဝန်ကြီးဌာန၌ လူသားစွမ်းအား အရင်းအမြစ် (HRH) Human Resource for Health, Planning ရှိသော်လည်း၊ ဤ Plan ကို အကြောင်း အမျိုးမျိုးကြောင့် အကောင်အထည်မဖော်၍ ယခုကဲ့သို့ ဖြစ်နေခြင်းဖြစ်ပါသည်။ ကျွန်တော်တို့အနေနဲ့ ယခုအခါ အကောင်အထည်ဖော်သော်လည်း အချိန်အနည်းငယ်တော့ ကြာဦးမည်ဖြစ်ကြောင်း ကျွန်တော်တို့ ပြောကြားလိုပါသည်။ ဤကိစ္စနဲ့ပတ်သက်ပြီး လွှတ်တော်ကိုယ်စားလှယ်ကြီးများအား တင်ပြလိုသည်မှာ ယခုအချိန်၌ မြို့နယ်ဆေးရုံ (၂၅)ခုတင်ကို ပြန်လည်၍ မလည်ပတ်နိုင်သော်လည်း ကျွန်တော်တို့ ပြည်သူ့ကျန်းမာရေးနိယာမတစ်ခုဖြစ်သော အခြေအနေနှင့် အချိန်အခါကို မူတည်၍ ပြောင်းလဲလာပါက ကျွန်တော်တို့ ပြန်လည်စဥ်းစားမည် ဖြစ်ပါသည်။ ဆိုလိုသည်မှာ ဤခုတင်(၂၀၀) ခရိုင်ဆေးရုံကြီးတွင် လူနာဦးရေတိုးတက်များလာခြင်း၊ မနိုင်မနင်းဖြစ်ခြင်း၊ အနီးအနားတွင် စက်ရုံကြီးများ ဆောက်ခြင်း၊ စီးပွားရေးဇုန်ကြီးများဆောက်ခြင်း၊ လူဦးရေများ များပြားစွာ လပွတ္တာသို့လာခြင်း စသည်တို့ ဖြစ်ပေါ်လာပါက ကျွန်တော်တို့ ပြန်လည်စဥ်းစားမည် ဖြစ်ပါသည်။ ပြည်သူ့ကျန်းမာရေးကဏ္ဍ၌

အခြေအနေ အချိန်အခါသည် မည်သည့်အခါမှ အမြဲတမ်းတည်တံ့၍ မနေပါ။ ထို့ကြောင့် ကျန်းမာရေး ဝန်ကြီးဌာနအနေနှင့် လိုအပ်လျှင် လိုအပ်သလို ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း တင်ပြပြောကြား လိုပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော့်အနေနဲ့ မေးခွန်းနံပါတ်(၃)ဖြစ်သော ချင်းပြည်နယ် အမှတ်(၈)မဲဆန္ဒနယ် အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးမာန်လောမောင်း ၏ ချင်းပြည်နယ်၊ မင်းတပ်ခရိုင် ဆေးရုံတွင် လူနာများ စမ်းသပ်သည့် ကိရိယာ၊ ခွဲစိတ်ကိရိယာများ ပြည့်စုံစွာနိုင်ငံတော်မှပံ့ပိုးပြီး ဆိုင်ရာ သမားတော်ကြီးများ တိုးချဲ့ခန့်ထားရန် အစီအစဉ် ရှိ/မရှိနှင့် ပလက်ဝမြို့တွင် တိုင်းရင်းဆေးရုံ ဖွင့်ပေးရန် အစီအစဉ် ရှိ/မရှိ သိလိုခြင်းနှင့် ပတ်သက်၍ ပြန်လည်ဖြေကြားမည် ဖြစ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနအနေဖြင့် ချင်းပြည်နယ်၊ ခုတင် (၁၀၀)ဆံ့ မင်းတပ်ဆေးရုံကြီးတွင် သမားတော်ကြီးများတိုးချဲ့ရန် လတ်တလောအခြေအနေတွင် မင်းတပ် ခရိုင်ဆေးရုံ၌ ခွဲစိတ်မှု အတွေ့အကြုံရှိသော ဆေးရုံအုပ်(၁)ဦး၊ ဘာသာရပ်အလိုက် အထူးကုဆရာဝန်များ အနေဖြင့် (ဆေးပညာ၊ ကလေးနှင့်အရိုး) တစ်ဦးစီ ခန့်အပ်ထားပါသည်။ လက်ထောက် ဆရာဝန် (ခွဲစိတ်)၊ (မေ့ဆေး) နှင့် (သားဖွား၊ မီးယပ်)အား ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလတွင် ထပ်မံခန့်ပေးမည် ဖြစ်ပါသည်။ ဓာတ်မှန်ဆရာဝန်နှင့် ရောဂါဗေဒဆရာဝန် ခန့်ထားပေးရေးနှင့် ပတ်သက်၍ လက်ရှိ အခြေအနေတွင် တစ်နိုင်ငံလုံးအနေဖြင့် အင်အားလွန်စွာ နည်းပါးနေ၍ ခန့်အပ်နိုင်ခြင်းတော့ မရှိသေး ပါကြောင်း၊ မင်းတပ်ခရိုင်ဆေးရုံအတွက် ဆေးရုံသုံးပစ္စည်းများ ပြည့်စုံစွာ ဖြည့်ဆည်းပြီး ဖြစ်သော်လည်း လိုအပ်၍ မင်းတပ်ပြည်သူ့ဆေးရုံအုပ်မှ ချင်းပြည်နယ် ကုသရေးဦးစီးဌာနမှူး၏ ထောက်ခံချက်ဖြင့် တင်ပြတောင်းခံလာပါက ချက်ချင်းအမြန်ဆုံး ပစ္စည်းကိရိယာများကို ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။

တိုင်းရင်းဆေးပညာဦးစီးဌာနအနေဖြင့် ဆေးရုံ၊ ဆေးကုဌာနများ တိုးချဲ့လုပ်ဆောင်ရာတွင် ဆောက်လုပ်မည့် မြေနေရာနှင့် ပတ်ဝန်းကျင်၌ အခြားသော ကျန်းမာရေးစောင့်ရှောက်သည့်ဌာနများ ရှိ/မရှိ၊ လူဦးရေသိပ်သည်းမှု၊ လိုအပ်သော မြေဧရိယာ၊ လမ်းပန်းဆက်သွယ်ရေး၊ ဝန်ထမ်းများအတွက် လုံခြုံရေး၊ မြန်မာ့တိုင်းရင်းဆေးကို နယ်မြေခံလူထု၏ ယုံကြည်အားထားမှုနှင့် ဘတ်ဂျက်ခွင့်ပြုငွေ ရရှိမှုအပေါ် မူတည်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ခြုံငုံ၍ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။

လက်ရှိအခြေအနေတွင် ချင်းပြည်နယ်၌ မင်းတပ်မြို့၊ မတူပီမြို့၊ ကန်ပက်လက်မြို့တို့တွင် မြို့နယ်တိုင်း၌ တိုင်းရင်းဆေးကုဌာန ဆေးခန်းများဖွင့်လှစ်ပြီး ဝန်ထမ်းအင်အားဖြင့် မင်းတပ်မြို့နယ်တွင် ခရိုင်တိုင်းရင်းဆေးမှူး(၁)ဦး၊ ဒု-တိုင်းရင်းဆေးမှူး(၁)ဦး၊ ရုံးအကူ(၁)ဦး၊ မတူပီမြို့တွင် ဒု-လက်ထောက် တိုင်းရင်းဆေးမှူး(၁)ဦး၊ ဆေးခန်းအကူ(၁)ဦး၊ ကန်ပက်လက်မြို့တွင် ဒု-တိုင်းရင်းဆေးမှူး(၁)ဦး၊ ဆေးခန်းအကူ(၁)ဦးနှင့် ဆေးခန်းအစောင့် (၁)ဦးတို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ပေးလျက် ရှိပါသည်။ အဆိုပါ မြို့နယ် တိုင်းရင်းဆေးကုသဌာနများသို့ ပျမ်းမျှ တစ်နေ့လျှင် ကုသမှုခံယူသည့် ပြင်ပလူဦးရေမှာ (၁၁)ဦးခန့်သာရှိပြီး ချင်းပြည်နယ်၏ မြို့တော် ဟားခါးမြို့ရှိ (၁၆)ခုတင်ဆံ့ တိုင်းရင်း

ဆေးရုံ၌ပင် တစ်လလျှင် ပျမ်းမျှလူနာ(၁၀၀)ခန့်သာရှိပြီး အတွင်းလူနာအားဖြင့် (၄)ဦးသာ တက်ရောက် ခံယူလျက်ရှိပါသည်။

သို့ပါ၍ မင်းတပ်မြို့တွင် တိုင်းရင်းဆေးရုံဖွင့်လှစ်ရန် အစီအစဉ် မရှိသေးပါကြောင်းနှင့် အဆိုပါ မြို့နယ်(၃)မြို့နယ်ရှိ တိုင်းရင်းဆေးကုဌာန ဆေးခန်းများ၌ လိုအပ်လျက်ရှိသော ဝန်ထမ်း အိမ်ရာ ဆောက်လုပ်ရန်ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ရန်ပုံငွေတွင် ဦးစားပေးအဖြစ် ထည့်သွင်း တောင်းခံပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါသည်။

ချင်းပြည်နယ်၊ မင်းတပ်မှ ပလက်ဝအထိ (၂၃၇)မိုင်နှင့် ပွင့်လင်းရာသီတွင် သွားလာရန် အချိန် (၂)ရက်ခန့်ကြာခြင်း၊ မတူပီမှ ပလက်ဝသို့ (၁၃၅)မိုင်ဝေး၍ ပွင့်လင်းရာသီတွင် သွားလာရန် အချိန်(၃)ရက်ခန့်ကြာခြင်း၊ ရခိုင်ပြည်နယ် ကျောက်တော်မှ ပလက်ဝအထိ မိုင်(၄၀)ဝေး၍ ပွင့်လင်း ရာသီတွင် သွားလာရန် (၄)နာရီကျော်ကြာခြင်းဖြစ်သဖြင့် ပလက်ဝမြို့နယ်၏ လူဦးရေမှာလည်း (၆၀၀၀၀)ကျော်ရှိသောကြောင့် ပလက်ဝမြို့နယ်တွင် မြို့နယ် တိုင်းရင်းဆေးကုဌာန(၁)ခုကို ဖွင့်လှစ် နိုင်ရန်အတွက် လက်ရှိအခြေအနေတွင် မြေနေရာမရှိသေးသော်လည်း ဆေးခန်းမြေနေရာ ခွင့်ပြုချက် ရရှိပါက အနီးစပ်ဆုံး ဘဏ္ဍာရေးနှစ်တွင် ဖွဲ့စည်းပုံအတည်ပြုချက်ရယူပြီး ဆောင်ရွက် သွားမှာဖြစ်ပြီး၊ ဖွဲ့စည်းပုံ အတည်ပြုချက်ရပါက ရန်ပုံငွေထည့်သွင်းတောင်းခံ၍ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ နံပါတ်(၄) နောက်ဆုံးမေးခွန်းကို ဖြေကြားမည် ဖြစ်ပါသည်။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမိုင်းအုဏ်းခိုင် ၏ ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ မန်တုံမြို့နယ်၊ နမ့်ဟိုင်းတိုက်နယ်ဆေးရုံကို စံကိုက် ဖွဲ့စည်းပုံဖြင့် ၂၀၁၆ -၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ဖွင့်လှစ်ရန် အစီအစဉ် ရှိ/မရှိနှင့် ပတ်သက်၍ ဖြေကြားမည် ဖြစ်ပါသည်။

မန်တုံမြို့နယ်၊ နမ့်ဟိုင်း(၁၆)ခုတင်ဆံ့တိုက်နယ်ဆေးရုံ တည်ဆောက်ပေးရန် ဖွဲ့စည်းပုံ ခွင့်ပြု မိန့်ရပြီးဖြစ်ပါ၍ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ စံကိုက် အဆောက်အဦနှင့် ဝန်ထမ်းအိမ်ရာများ တည်ဆောက်ပေးရန် ကုသရေးဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစတင်၍ နှစ်စဉ်စီမံကိန်းများတွင် ဦးစားပေးအဖြစ် အဆိုပြု တင်ပြတောင်းခံ သွားပေးပါမည်ဖြစ်ကြောင်း၊ ရန်ပုံငွေ ခွင့်ပြုချက်ရရှိပါက ချက်ချင်း ဆောင်ရွက်ပေးပါမည်ဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က နိုင်ငံ့ဝန်ထမ်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၄၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ နိုင်ငံ့ဝန်ထမ်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၂။**

**ဦးစိုင်းထွန်းအောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ရှိ တာဝန်ရှိပုဂ္ဂိုလ်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီဝင် ဦးစိုင်းထွန်းအောင် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ တာဝန်ပေးချက်အရ နိုင်ငံ့ဝန်ထမ်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင်ပြမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**

**နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ**

စာအမှတ်၊ ၁/အမ(ကော်မတီ-၁) ၁/ ၂၀၁၆ -၂၈၂

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်

၁။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာကို ၁၀-၈-၂၀၁၆ ရက်နေ့တွင် အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့ပါသည်။ အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၁၆-၈-၂၀၁၆ ရက်နေ့၌ ကျင်းပပြုလုပ်သော အမျိုးသားလွှတ်တော် အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဌေးဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်မြင့်ဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသန်းစိုးတို့က အကြံပြုဆွေးနွေးခဲ့ပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် ၃၁-၈-၂၀၁၆ ရက်နေ့တွင် တွေ့ဆုံ ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာတွင် နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (င)တွင် ဖော်ပြထားသော "ယင်းစကားရပ်တွင် ဤဥပဒေပါကိစ္စအလို့ငှာ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များမပါဝင်" ဆိုသည့်စကားရပ်အစား အဓိပ္ပာယ်ရှင်းလင်းမှုရှိစေရန်အတွက် တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် နိုင်ငံ့ဝန်ထမ်းများဖြစ်သော်လည်း ယင်းတို့၏ လုပ်ငန်းသဘာဝနှင့် တာဝန်တို့အရ ဤဥပဒေပါ ကိစ္စရပ်များနှင့် အကျုံးဝင်ခြင်းမရှိစေရ ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (ဎ)တွင် ဖော်ပြထားသော " ပြည်သူကို ရိုသေလေးစားခြင်း" ဆိုသည့် စကားရပ်အစား ပြည်သူကို ရိုသေလေးစားစွာဖြင့် ဝန်ဆောင်မှုပေးခြင်း ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၁၇ တွင် ဖော်ပြထားသော စကားရပ်များအစား ဝန်ထမ်းသည် ခွင့်အမျိုးအစားအလိုက် သတ်မှတ်ချက်များနှင့်အညီ ခွင့်ကိုတောင်းခံပိုင်ခွင့်ရှိသည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးပြင်ဆင်သင့်ကြောင်း ညှိနှိုင်းသဘောတူညီမှုရရှိခဲ့ပါသည်။

**ကော်မတီ၏ သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် နိုင်ငံ့ဝန်ထမ်းများ၏ အကျိုးစီးပွားကို တိုးတက်ဖော်ဆောင်ပေးရန်နှင့် ပြောင်းလဲလာသည့် ခေတ်စနစ်နှင့် ကိုက်ညီစေရန် နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ထပ်မံတင်ပြလာသည့် အကြံပြုချက်၊ တင်ပြချက်များအပေါ် အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ပြီး ဖြစ်ပါသဖြင့် ဥပဒေကြမ်းကော်မတီက မူလတင်ပြထားသော ပြင်ဆင်ချက်များနှင့်အတူ အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နိုင်ငံ့ဝန်ထမ်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် (၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံ့ဝန်ထမ်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အဆုံးအဖြတ် ရယူလိုသည့် ဥပဒေကြမ်းပါ အပိုဒ်၊ အပိုဒ်ခွဲများကို တစ်ပိုဒ်ချင်းစီအလိုက် ဖတ်ကြားတင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၅။**

**ဦးအောင်ကြည်ညွှန့်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကြီးတစ်ရပ်လုံးကို မင်္ဂလာပါလို့ ရှေးဦးစွာ ဂါရဝပြုနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၊ အဖွဲ့ဝင်ဖြစ်ပြီးတော့ မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၄) တောင်တွင်းကြီးမြို့နယ်က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကြည်ညွှန့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနဲ့ ပတ်သက်ပြီးတော့ ဥပဒေကြမ်းကော်မတီက တင်ပြတဲ့ အပိုဒ်အလိုက် တင်ပြချက်များကို လွှတ်တော်က အတည်ပြုပေးပါရန် အဆိုပြု တင်သွင်းသွားမှာ ဖြစ်ပါတယ်။ ပထမဆုံး ဥပဒေကြမ်း ကော်မတီရဲ့ ပြင်ဆင်ချက် အပိုဒ် ၂ ဖြစ်ပါတယ်။

၂။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဃ)ကို အောက်ပါအတိုင်းအစားထိုးရမည် -

ပုဒ်မခွဲ(ဃ)၊ ပုဒ်မခွဲငယ် ၁

(ဃ-၁) ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူးဆိုသည်မှာ လွှတ်တော်အသီးသီးက ရွေးချယ်တာဝန်ပေးအပ်သော လွှတ်တော်အဖွဲ့အစည်းများ၏ အကြီးအမှူးများနှင့် နိုင်ငံတော်သမ္မတက ခန့်အပ်သည့် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၏ အကြီးအမှူးများကို ဆိုလိုသည်။

အပိုဒ်ခွဲငယ်၂

(ဃ-၂) ဝန်ထမ်းအဖွဲ့အစည်း၊ အကြီးအမှူးဆိုသည်မှာ နိုင်ငံတော်သမ္မတက ဝန်ထမ်းအဖွဲ့အစည်း တစ်ခုခုတွင် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးအဖြစ် တာဝန်ပေးအပ်ခြင်းခံရသူကို ဆိုသည်။

၃။ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (င)ကို အောက်ပါအတိုင်း အစားထိုးရမည် -

၂။(င) ဝန်ထမ်းဆိုသည်မှာ ဝန်ထမ်းအဖွဲ့အစည်းတစ်ရပ်ရပ်၏ ဖွဲ့စည်းပုံပါ ရာထူးတစ်ခုခုတွင် ခန့်အပ်ခြင်းခံရသည့် နိုင်ငံ့ဝန်ထမ်းကို ဆိုသည်။ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် နိုင်ငံ့ဝန်ထမ်းများ ဖြစ်သော်လည်း ယင်းတို့၏ လုပ်ငန်းသဘာဝနှင့် တာဝန်တို့အရ ဤဥပဒေပါ ကိစ္စရပ်များနှင့် အကျုံးဝင်ခြင်းမရှိစေရ။

၄။ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (စ)ကို အောက်ပါအတိုင်းအစားထိုးရမည် -

၂။(စ) ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ ဝန်ကြီးဌာနအသီးသီး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးဌာနအသီးသီးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများကို ဆိုသည်။ ယင်းစကားရပ်တွင် ဤဥပဒေပါ ကိစ္စအလို့ငှာ နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ လွှတ်တော်ရုံးများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ နေပြည်တော်ကောင်စီရုံး၊ မြန်မာ

နိုင်ငံတော်ဗဟိုဘဏ်ရုံး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးနှင့် ဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စု အဆင့်အဖွဲ့အစည်းများ၏ ရုံးများလည်းပါဝင်သည်လို့ အစားထိုးပြင်ဆင်ထားပါတယ်။

ပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးပါရန် အဆိုပြု တင်သွင်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၊ အပိုဒ် ၃၊ အပိုဒ် ၄ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၊ အပိုဒ် ၃၊ အပိုဒ် ၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

**ဦးအောင်ကြည်ညွန့်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီရဲ့ ပြင်ဆင်ချက် အပိုဒ် ၅ ဖြစ်ပါတယ်။

၅။ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း အစားထိုးရမည် -

၇။(က) သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူးသည် ဝန်ထမ်းအဖွဲ့အစည်း အသီးသီးရှိ ဝန်ထမ်းအမျိုးအစားအလိုက်သတ်မှတ်သည့် ပြန်တမ်းဝင်အရာရှိ အဆင့် စတင်ခန့်ရာထူးအတွက် ရာထူးဝန်အဖွဲ့က ရွေးချယ်ပေးသော ဝန်ထမ်းများကို ခန့်ထားရမည်။

၆။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ(ခ)ပါ ပြည်ထောင်စုအစိုးရအဖွဲ့ဆိုသည့် စကားရပ်ကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်လို့ အစားထိုး ပြင်ဆင်ထားပါတယ်။

ပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုပြုတင်သွင်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၅၊ အပိုဒ် ၆ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၅၊ အပိုဒ် ၆ သည် ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်သည်။(သြဘာသံများ)

**ဦးအောင်ကြည်ညွန့်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် အပိုဒ် ၇ ဖြစ်ပါတယ်။

၇။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(ဌ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

၁၀။(ဌ) ပြည်သူကို ရိုသေလေးစားစွာဖြင့် ဝန်ဆောင်မှုပေးခြင်းလို့ အစားထိုး ပြင်ဆင်ထားပါတယ်။

အစားထိုးပြင်ဆင်ချက်ကို အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၇ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၇ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။(သြဘာသံများ)

**ဦးအောင်ကြည်ညွန့်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် အပိုဒ် ၈၊ ၉ နဲ့ ၁၀ တို့ကို တင်ပြဖို့ ဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် -

၈။ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၁၅ ပါ ဝန်ကြီးဌာနက လုပ်ပိုင်ခွင့်အပ်နှင်းခြင်းခံရသူ၏ ခွင့်ပြုချက်ဖြင့် ခွင့်ခံစားနိုင်သည်ဆိုသည့် စကားရပ်ကို ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းက လုပ်ပိုင်ခွင့်အပ်နှင်းခြင်းခံရသူ၏ခွင့်ပြုချက်ဖြင့် ခွင့်ခံစားနိုင်သည်ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၉။ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၁၇ ကိုအောက်ပါအတိုင်း အစားထိုးရမည် -

၁၇။ ဝန်ထမ်းသည် ခွင့်အမျိုးအစားအလိုက် သတ်မှတ်ချက်များနှင့်အညီ ခွင့်ကို တောင်းခံပိုင်ခွင့် ရှိသည်။

၁၀။ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ ကိုအောက်ပါအတိုင်း အစားထိုးရမည် -

၂၂။ ဝန်ထမ်းသည် အငြိမ်းစားယူရမည့် အသက်ပြည့်သည့် နေ့ရက်မတိုင်မီ အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့်ကို ပျမ်းမျှလစာဖြင့် ခံစားနိုင်သည်။ အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့်ကို အချိန်မီ တောင်းခံခဲ့ရာတွင် ခွင့်ပေးပိုင်ခွင့်ရှိသူက တောင်းခံသည့်

ခွင့်ကာလ တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ အများပြည်သူ အကျိုးငှာ ငြင်းပယ်ခဲ့လျှင် ထိုငြင်းပယ်သည့် ခွင့်ကာလကို အငြိမ်းစားယူရမည့် နေ့ရက်မှစ၍ စတင်ခံစားခွင့်ရှိသည်လို့ အစားထိုး ပြင်ဆင်ထားပါတယ်။

ပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုပြုတင်သွင်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၈၊ အပိုဒ် ၉၊ အပိုဒ် ၁၀ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၈၊ အပိုဒ် ၉၊ အပိုဒ် ၁၀ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

**ဦးအောင်ကြည်ညွန့်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် အပိုဒ် ၁၁ ဖြစ်ပါတယ်။

၁၁။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၂၄ ၏အောက်တွင် ပုဒ်မ ၂၄-က အဖြစ် အောက်ပါအတိုင်း အသစ် ဖြည့်စွက်ရမည် -

၂၄-က ဝန်ထမ်းသည် အရည်အချင်းနှင့် လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားမှုအပေါ် မူတည်၍ သက်ဆိုင်ရာ အရည်အချင်းစစ် စစ်ဆေးရေးအဖွဲ့၏ ထောက်ခံမှုအရ ချီးမြှင့် မြောက်စားသည့်အနေဖြင့် ရာထူးတိုးမြှင့်ခြင်းကို ခံစားပိုင်ခွင့် ရှိသည်လို့ ပြင်ဆင်ထားပါတယ်။

ပြင်ဆင်ချက်ကို လွှတ်တော်ကြီးက အတည်ပြုပေးပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီ ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၁ ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဦးအောင်ကြည်ညွန့်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် အပိုဒ် ၁၂၊ အပိုဒ် ၁၃နဲ့ အပိုဒ် ၁၄ ဖြစ်ပါတယ်။

၁၂။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၃၉ ပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးဆိုသည့် စကားရပ်ကို ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူး သို့မဟုတ် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၃။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၄၀ ပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ဆိုသည့် စကားရပ်ကို ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူး သို့မဟုတ် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၄။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၄၁ ကို အောက်ပါအတိုင်းအစားထိုးရမည် -

၄၁။ ခိုင်လုံသော အထောက်အထားများအရ အပြစ်ရှိကြောင်း ပေါ်လွင်ထင်ရှားနေသည့် ကိစ္စတွင် ဝန်ထမ်းအား ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးခြင်းမပြုဘဲ ထိုက်သင့်သည့် ဝန်ထမ်းဆိုင်ရာ ပြစ်ဒဏ်ကို ချမှတ်နိုင်သည်လို့ အစားထိုးပြင်ဆင်ထားပါတယ်။

ပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုပြု တင်သွင်းအပ် ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၂၊ အပိုဒ် ၁၃၊ အပိုဒ် ၁၄ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၂၊ အပိုဒ် ၁၃၊ အပိုဒ် ၁၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

**ဦးအောင်ကြည်ညွန့်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် အပိုဒ် ၁၅ ဖြစ်ပါတယ်။

၁၅။ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၄၃၊ ပုဒ်မခွဲ (က)ပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးဆိုသည့် စကားရပ်ကို ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူး သို့မဟုတ် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၆။ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၄၆ ပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးဆိုသည့် စကားရပ်ကို ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူး သို့မဟုတ် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၇။ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၄၈၊ ပုဒ်မခွဲ(ဃ)ပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးဆိုသည့် စကားရပ်ကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူး သို့မဟုတ် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၈။ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၄၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

၄၉။ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူး သို့မဟုတ် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသည် ဌာနဆိုင်ရာစစ်ဆေးမှုနှင့်စပ်လျဉ်း၍ အမိန့်ချမှတ်ပြီး အမိန့်စာထုတ်ပြန်၍ သက်ဆိုင်ရာ ဝန်ထမ်းထံသို့ ပေးပို့ရမည်။ ထိုအမိန့်ကို မကျေနပ်ပါက အမိန့်စာကို လက်ခံရရှိ သည့်နေ့ရက်မှစ၍ (၆)လအတွင်း သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူးထံ အယူခံလွှာ တင်သွင်းနိုင်ကြောင်း အမိန့်စာတွင် ဖော်ပြရမည်။

၁၉။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၅၀ ကို အောက်ပါအတိုင်းအစားထိုးရမည် -

၅၀။ ပုဒ်မ ၄ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းများ တွင် ခန့်ထားခြင်းခံရသောဝန်ထမ်းများအား ဌာနဆိုင်ရာစစ်ဆေးမှုနှင့်စပ်လျဉ်း၍ ချမှတ်သည့် အမိန့်ကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့်အဖွဲ့အစည်းအကြီးအမှူး သို့မဟုတ် ဝန်ထမ်းအဖွဲ့အစည်းအကြီး အမှူးက အမိန့်စာထုတ်ပြန်၍ သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့်အဖွဲ့အစည်း ဝန်ထမ်းထံသို့ပေးပို့ရမည်။ ထိုအမိန့်ကို မကျေနပ်ပါက အမိန့်စာကို လက်ခံရရှိသည့်နေ့ရက်မှစ၍ (၆)လအတွင်း သက်ဆိုင်ရာဝန်ကြီးဌာန နှင့်အဖွဲ့အစည်းအကြီးအမှူးထံ အယူခံလွှာ တင်သွင်းနိုင်ကြောင်း အမိန့်စာတွင် ဖော်ပြရမည်လို့ အစားထိုးပြင်ဆင်ထားပါတယ်။

ပြင်ဆင်ချက်များကို အတည်ပြုပေးနိုင်ပါရန် လွှတ်တော်သို့ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၅၊ အပိုဒ် ၁၆၊ အပိုဒ် ၁၇၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၅၊ အပိုဒ် ၁၆၊ အပိုဒ် ၁၇၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

**ဦးအောင်ကြည်ညွန့် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် အပိုဒ် ၂၀ ဖြစ်ပါတယ်။

၂၀။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၅၆ ၏ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည် -

၅၆။ ဝန်ထမ်းနှင့် သက်ဆိုင်သည့် ပင်စင်အမျိုးအစားများမှာ အောက်ပါအတိုင်းဖြစ်သည် -

၂၃။ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၆၄ ပါ လျော်ကြေးပင်စင်ခံစားခြင်း၊ကွယ်လွန်အနိစ္စရောက်ခြင်း တစ်ခုခုဖြစ်ပါက လုပ်သက်ဆုငွေနှင့် ပင်စင်ခံစားခွင့်တို့ကို ရခွင့်ရှိသည် ဆိုသည့် စကားရပ်ကို လျော်ကြေးပင်စင်ခံစားခြင်း၊ လျော့ပေါ့ပင်စင်ခံစားခြင်း၊ ကွယ်လွန်အနိစ္စရောက်ခြင်း တစ်ခုခုဖြစ်ပါက လုပ်သက်ဆုငွေနှင့် ပင်စင်ခံစားခွင့်တို့ကို ရခွင့်ရှိသည်ဆိုသည့်စကားရပ်နှင့် အစားထိုးရမည်လို့ ပြင်ဆင်ထားပါတယ်။

ပြင်ဆင်ချက်ကို အတည်ပြုပေးနိုင်ပါရန် လွှတ်တော်သို့ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၀၊ အပိုဒ် ၂၃ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၀၊ အပိုဒ် ၂၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

**ဦးအောင်ကြည်ညွန့်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် အပိုဒ် ၂၄ ဖြစ်ပါတယ်။

၂၄။ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၇၄ ပါ သက်ဆိုင်ရာဝန်ကြီးဌာနက ဆိုသည့်စကားရပ်ကို သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းက ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်လို့ ပြင်ဆင်ထားပါတယ်။

ပြင်ဆင်ထားချက်ကို အတည်ပြုပေးနိုင်ပါရန် လွှတ်တော်သို့ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၄ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

**ဦးအောင်ကြည်ညွန့်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥပဒေကြမ်းကော်မတီ၏ မူလအဆိုပြုချက်အတိုင်း အတည်ပြုချက်ဖြစ်ပါတယ်။

ဥပဒေကြမ်းရဲ့ခေါင်းစဉ်၊ အပိုဒ် ၁ နှင့် ပြောင်းလဲအမှတ်စဉ်ထားတဲ့ အပိုဒ် ၂၁၊ အပိုဒ် ၂၂ တို့ကို မူလအဆိုပြုချက်အတိုင်း ထားရှိရန် ဥပဒေကြမ်းကော်မတီအနေနဲ့ တင်ပြအပ်ပါတယ်။

ဒီတင်ပြချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ အဆိုပြု တင်သွင်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဒီတင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၂၄ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၂၄ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

ယခုအဆိုမှာ ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည် ဖြစ်တဲ့အတွက် ဤဥပဒေကြမ်းအမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

**ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက နိုင်ငံ့ဝန်ထမ်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၁း၀၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဥ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁၊ နည်းဥပဒေခွဲ(ခ)အရ နိုင်ငံ့ဝန်ထမ်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌက အဆိုတင်သွင်းရန် ဖြစ်ပါ တယ်။

**အချိန်၊ ၁၁း၀၃။**

**ဒေါက်တာဝင်းသိမ်း (ဥက္ကဋ္ဌ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း ဖြစ်ပါတယ်။ ပြည်ထောင်စုရာထူးဝန်အဖွဲ့က လွှတ်တော်သို့ တင်သွင်းထားတဲ့ နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)ကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီမှ တာဝန်ရှိသူများ၊ ပညာရှင်များနှင့် ညှိနှိုင်းရေးဆွဲခဲ့ပြီး ဖြစ်သည့်အပြင် အမျိုးသားလွှတ်တော်ဥပဒေကြမ်း ကော်မတီကလည်း တစ်ပိုဒ်ချင်းစီအလိုက်အတည်ပြုထားပြီး ဖြစ်သည့်အတွက် နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)အား အမျိုးသားလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်း အပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၁း၀၄။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၀၄။**

**ဦးကိုကိုနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အားလုံးကို မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ် ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကိုကိုနိုင် ဖြစ်ပါတယ်။ ယနေ့ အမျိုးသားလွှတ်တော်သို့ ဥပဒေကြမ်းကော်မတီမှ တင်ပြပြီးတော့မှ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌကနေပြီးတော့မှ အမျိုးသားလွှတ်တော်သို့

အတည်ပြုပေးပါရန် အဆိုတင်သွင်းလာတဲ့ နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းဟာ ပြီးပြည့်စုံတဲ့ ဥပဒေကြမ်းတစ်ခု ဖြစ်တဲ့အတွက် ကျွန်တော် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကိုကိုနိုင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အပြည့်အဝ ထောက်ခံပါကြောင်း လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အဆိုမှာ နိုင်ငံ့ဝန်ထမ်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြင်ဆင်ထားသည့် အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် နိုင်ငံ့ဝန်ထမ်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၃၅)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၀၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၃၄)ရက်မြောက် နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၃၅)ရက် မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့ကို ၁၁း၀၇ နာရီအချိန်တွင် ရပ်နားပါသည်။]